


# နုနုရည်အင်းဝ

ပြုံး၍လည်းကန်တော့ခံတော်မူပါ
ရယ်၍လည်းကန်တော့ခံတော်မူပါ

စတုတ္ထအကြိမ်

ပြုံး၍လည်းကန်တော့ခံတော်မူပါ ရယ်၍လည်းကန်တော့ခံတော်မူပါ၊ နနရည်အင်းဝ
မျက်နာဖုံးပန်းချီ - စိန်မြင့်(ရွှေချည်ထိုး)
စာမျက်နှာ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇူလိုင်လ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
စာရေးသူမူပိုင်ထုတ်ဝေခြင်းအတွက် စိတ်ကူးချိုချိုမှ ဖြန့်ချိသည်။
၂၀၁၅ သင်းစာပေ၏ တတိယအကြိမ်မူ၊

ရောင်းဈေး ၃ ၅ ၀ ၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

မိန်းမလျာတွေ ဖမ်းကုန်ပြီ၊ ဖမ်းကုန်ပြီဆိုတော့ ကိုယ်နေတဲ့ ကနားက နတ်ကတော်မကြီးတွေက ဟဲ့ ... အပြင်မထွက်နဲ့။ ကိုယ့်ကနားမှာ ကိုယ်နေ၊ ဖမ်းခံရလိမ့်မယ်။ နင်ကလည်း ဆတ်ဆလူး ထနေတာနဲ့တော့ ဖမ်းခံရလိမ့်မယ်ဆိုတော့ မထွက်ရဘူး။ စိတ်က ညစ်ပြီ၊ ထွက်က ထွက်ချင်။ လျှမ်းက လျှမ်းချင်နဲ့၊ ဘယ်နှယ့်လုပ်ရပ့် မတုံးပေ့။ မနေနိုင်ဘူး။ ယောက်ျားပုံနဲ့လည်း မထွက်ချင်ဘူး။ အဲသည်တော့ ဟဲ့ ထွက်တယ်ဟဲ့၊ လာခဲ့ဆိုပြီး အောက်က ပုဆိုးတစ်ထည်ခံဝတ်ပြီးအပေါ်က မိန်းမပုံပဲ ဝတ်စား၊ အဲ ... မိတ်ကပ်တော့ပါးပါးပဲ လိမ်းပြီး ထွက်တာပေ့။

ထွက်တော့ ရဲက နန်းကြီးနားကနေ စောင့်နေတယ်။ မြင်တော့ လှမ်းပြောတယ်။ နန်းကြီးပေါ်သာ မလာနဲ့၊ နန်းတစ်ဝိုက်မှာတော့ နေချင်နေတဲ့။ သဘောကောင်းရှာပါတယ်။ ဒါပေမဲ့ ကိုယ်က နန်းကြီးပေါ် တက်ချင်တာ။ နန်းကြီးပေါ်မှာမှ ကဲချင်တာ။ ဘာရမလဲ တစ်ခါတည်း ရဲအလစ်မှာ နန်းကြီးပေါ်တက်သွားပြီး ကဲတာပေ့။ ခဏနေတော့ ရဲက မြင်ရော။ မြင်တာနဲ့ ဒေါသတကြီး ကိုယ့်ဆီလာတာ။ ဖမ်းမလို့။ ဒီလို ဘယ်ရမလဲ။ ပြတ်ဆို တစ်ခါတည်း ထဘီချွတ်ချပြီး ကပျာကယာခေါက်၊ ချိုင်းကြားညှပ်၊ အောက်ကခံလာတဲ့ပုဆိုးကို ပြင်ဝတ်ခဲ့ပြီးဘေးက သူငယ်တစ်ယောက်ကို ''ဟဲ့ ... နင့်တိုက်ပုံ မြန်မြန်ချွတ်စမ်း၊ ငါ့ခဏ ပေး၊ ပြီးတော့ လိုက်ယူ'' ဆိုပြီး တိုက်ပုံထပ်ဝတ်ပြီး ယောက်ျားပုံလုပ်လိုက်

တာပေါ့။ ပြီးတော့ ရှေ့ကနေ ခပ်တည်တည်ဖြတ်ပြီးတော့ ထွက်လာခဲ့တာ။ ရဲတွေနဲ့ ကိုယ်နဲ့ လိုက်တမ်းပြေးတမ်း ကစားရတာကို ပျော်လို့။

နောက်တော့ မိန်းမလျာတွေက မနေနိုင်ကြတော့ ထွက်ကြတော့ တော်တော်များများ ဖမ်းမိပြီး အချုပ်ထဲရောက်ကုန်ကြရော။ အဲဒီတော့ အဖော်မရှိတော့ ပျင်းရော။ ပြီးတော့ ကိုယ်က အဖမ်းမခံရသေးတော့ မိန်းမလျာ မဟုတ်သလို ဂုဏ်ငယ်သလိုပဲ။

အဲဒါနဲ့ ကိုယ်လည်း အဖမ်းခံရအောင် လိမ္မော်ရောင် အထက်အောက် ဆင်တူဝတ်၊ စကတ်ပဝါ လိမ္မော်ရောင်ကြီး ခေါင်းမှာစည်းပြီး မိန်းမလျာမှန်းသိအောင် ပိုက်ဆံအိတ် လက်ကိုင်ကြိုးကို လက်ညှိုးထိပ်မှာ ရမ်းပြီး လှည့်ပြီးတော့ကို ထွက်တာ။ ပါးစပ်ကလည်း အော်လိုက်သေးတယ်။ ဟဲ့ ... ဒါမျိုးမကြောက်လို့ ရှာရိုးလျှောက်တာပေါ့။ မိန်းမလျာ ဟဲ့။ ဖမ်းဟဲ့နဲ့ ရဲကဖမ်းတာပေါ့။ ဖမ်းတော့ အချုပ်ထဲရောက်တော့ ကိုယ့်သူငယ်ချင်းတွေနဲ့ တွေ့တာပေါ့။ ဟိုထဲမှာ တပျော်တပါး တစုတရုံးကြီး။

အဲလိုနဲ့နေတုန်း နောက်ရက်ကျတော့ မိန်းမလျာတွေကို အာမခံနဲ့ ထုတ်မယ်ဆိုပြီး မိန်းမလျာ မယ်မြင့်ကြီးဆိုတာက တိုက်ပုံတွေ၊ ပုဆိုးတွေ ဘာတွေဝတ်ပြီး ယောကျ်ားပုံနဲ့ အချုပ်ကိုလာရော။ အမယ် ... သင်းကများ ယောကျ်ားပုံဖမ်းလို့၊ မွှေမဟဲ့ဆိုပြီး "အဲ ... အဲဒီမှာ ခုလာတဲ့ဟာကြီးကလည်း မိန်းမလျာကြီးပါတော့။ မယ်မြင့်ကြီးဆိုတဲ့ မိန်းမလျာကြီးပါ ဖမ်းပါ" နဲ့ အော်ချပစ်လိုက်တယ်။ ရဲက သူ့လည်း ဖမ်းထားလိုက်ရော။

အို့ . . . သူတင် ဘယ်ကမလဲ။ အကုန်မွှေပစ်တာ။ ကိုယ်သိ သမျှတွေလေ အကုန်လျှောက်ပြောတာ။ ဘယ်မိန်းမလျာ ဘယ်သူ၊ ဘယ်ဘုန်းကြီးကျောင်းထဲမှာ ပုန်းနေပါတယ်။ ဘယ်သူကတော့ ဘယ်အိမ်မှာပါနဲ့ လျှောက်မွှေလိုက်တာရှိသမျှ မိန်းမလျာအကုန် အချုပ်ထဲ ရောက်လာတော့တာပဲ။

အဲသည်ကျတော့မှ အချုပ်ထဲမှာ မိန်းမလျာတွေ မဆံ့မပြဲ ဖြစ်ပြီး တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်ကြ၊ ဆဲကြ၊ ဆိုကြ၊ ငိုကြ၊ ယိုကြတွေဖြစ်ကုန်ရော။ နောက်ဆုံးကျတော့ ရဲတွေလည်း မထိန်းနိုင် တော့ဘူး။ ကဲ . . . မယ်မင်းကြီးမတို့ မငိုကြပါနဲ့။ မဆူကြပါနဲ့။ ကိုယ့် အရပ်ကိုယ် အားလုံးပြန်ကြ။ ဒီပွဲတော်ထဲမှာတော့ မနေရဘူးဆိုပြီး လွှတ်ပေးလိုက်ရရော။

လွှတ်လိုက်တော့ တော်တော်များများ ကိုယ့်အရပ်ကိုယ် ပြန်ကြတာပေါ့။ အို့ . . ကိုယ်ကတော့ ဝေးသား။ မပြန်ပေါင်။ မန္တလေးမှာ ဆက်ပြီး သောင်တင်နေတာပေါ့။ သူငယ်ချင်းနှစ်ယောက် မပြန်ကြဘူး။

တစ်ညကျတော့ မန်းသီတာဥယျာဉ်မှာ လူနှစ်ယောက်နဲ့ သွားထိုင်ကြတယ်။ ကိုယ်က တစ်နေရာ၊ သူက တစ်နေရာ။ မင်္ဂလာ တံတားနားမှာပေါ့။ မှတ်မှတ်ရရ အဲဒီညက သူငယ်ချင်းမနှစ်ယောက် ချိတ်ထဘီအဖြူလေးတွေနဲ့။ ဒေါက်ဖိနပ်နဲ့ ဒေလီယာပွင့်ကြီးတွေကလည်း တစ်ယောက်တစ်ပွင့် ပန်လို့။

ဥယျာဉ်ထဲမှာ စကားလေးမှ ပြောမလို့ ရှိသေးတယ်။ ရဲက

ရောက်လာပါလေရော။ လာခဲ့ဆိုပြီး ဖမ်းလည်း ဖမ်းရော ကိုယ်က ဘယ်ခံမလဲ ရဲကို လက်သီးတွေနဲ့ ထိုး။ ခြေထောက်တွေနဲ့ ကန်ပြီး ထွက်ပြေးတာပေါ့။

ကိုယ်ကတော့ သူငယ်ချင်းမဆီ ပြေးရတာပေါ့။ ဟဲ့ ... ဒီလို ဒီလိုပဲ။ ငါတော့ ဒီလိုဖြစ်ခဲ့ပြီလို့ ပြောတုန်းရှိသေး ခုနရဲက နောက်ရောက်လာပါရော။ ဘာပြောကောင်းမတုံး တစ်ခါတည်း ဒေါက်ဖိနပ်ကုန်း ချွတ်ပြီး ရဲမျက်နှာကို စုံခုန်ရိုက်ပစ်လိုက်ပြီး ကျုံးထဲ ဝုန်းဆို ခုန်ချ။ ရေကူးပြေးတာ။ ဟိုဘက်ကမ်းပေါ်ရောက်တော့ ချိတ်ထဘီလည်း မပါလာတော့ဘူး။ အတွင်းခံ ဘောင်းဘီလေးနဲ့ တုန်နေတာပဲ။ ဒေလီယာပွင့်လည်း ပြုတ်ကျ။ ကိုယ်က လွတ်သွားပေမဲ့ သူငယ်ချင်းမကျတော့ ဖမ်းမိသွားတာပေါ့။ အဲဒီသတင်းလည်း မိန်းမလျာလောက သိသွားရော။ ဟဲ့ ... ဒီကောင်မ အစွမ်းအစမသေးဘူး။ သတ္တိခဲမ။ လူစွမ်းကောင်းမ၊ ဂျိန်းစဘွန်းမပဲဟဲ့ဆိုပြီး ဂျိန်းစဘွန်းကလည်း ပေါ်ကာစဆိုတော့ နာမည်ပေးလိုက်ကြတာ ''ဒေစီဂျိန်း'' လို့။

အဲဒီကစ နဂိုနာမည် ''ဘစီ'' ပျောက်ပြီး ဒေစီဂျိန်းပဲ တွင်တော့တာပဲ။ နတ်ဖြစ်တော့လည်း အဲ ... နတ်ကတော်ဖြစ်တော့လည်း ဒီနာမည်ကိုပဲ သိကြတော့တာပဲ။

သြော် ... နတ်ကလည်း မဖြစ်ချင်လို့ရမလား။ ဒါလောက်ကချင် ခုန်ချင် ဝတ်ချင် စားချင်နေတဲ့ မိန်းလျာပဲ။ တောင်ပြုန်းရောက်ကတည်းက နတ်သွေးနတ်စိတ်တွေ ဝင်နေပြီပေါ့။ နတ်ကတော်တွေ

ကနေတာ၊ နတ်ဝင်နေတာ၊ နတ်ပူးနေတာလည်း မမြင်ချင်မှ အဆုံး။
အတုခိုးတတ်တာပေါ့။ ဂျိန်းစဘွန်းမပဲ ဘာမဖြစ်စရာရှိသလဲ။